ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်၊ အင်္ဂါနေ့၊ (21-6-2005) (၄၆၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်နှင့် ဗဟိုအလုပ်အမှုဆောင်တို့နှင့် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၉ ရက် ညနေ ၅ နာရီတွင် စစ်တွေမြို့ ပြည်နယ်အသင်းရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ရခိုင်ပြည်နယ်စစ်တွေခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်တို့မှ အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ရင်က ပြည်နယ်အသင်း၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို တင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများက မိမိတို့ ခရိုင်၊ မြို့နယ်အသင်းများ၏ ဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရုပ်ရှင်လုပ်ငန်းဖြင့် နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာပေးနိုင်ရန် စီမံလျက်ရှိ
နိုင်ငံတော်အပိုင်းက ရုပ်ရှင်လောကအတွက် လိုအပ်သော စက်မှုပိုင်းဆိုင်ရာများ ပံ့ပိုးရန်စီစဉ်နေ
တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်အရင်းခံကာ ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇွန် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်းကို ရည်ရွယ်ချက်(၄)ရပ်ဖြစ်သော သင်တန်းသား၊ သင်တန်းသူများ၏ အခြေခံလုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ရန်၊ သင်တန်းသား၊ သင်တန်းသူများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားစေရန်၊ ဝန်ကြီးဌာနနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏

စာမျက်နှာ ၈ ကော်လံ ၃ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၆-၂၀၀၅
(အင်္ဂါနေ့)

ဆေးပညာရပ်ကို အကြင်နာ၊ စေတနာဖြင့်ပေါင်းစပ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားရသည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်း လူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအား အလိုက် အင်ပြည့်အားပြည့် ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် ဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထား စီမံဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ရှိ အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက် အဆင့်မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံပေးလျက်ရှိသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁၃ ရက်နေ့က ရှမ်းပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကျိုင်းတုံမြို့ ခုတင်(၂၀၀) ဆံ့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံ၊ ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ခရီးစဉ်အတွင်း ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိစဉ် တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ **"မိမိတို့ဝါသနာအရ သင်ကြားလေ့ကျင့် တတ်မြောက်လာသည့် ဆေးပညာရပ်ဖြင့် အကြင်နာ၊ စေတနာပေါင်းစပ်ပြီး လူတိုင်း ကျန်းကျန်းမာမာနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ကြိုးပမ်းဆောင်ရွက်ကြရန်"** မှာကြားသွားသည်။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများပါမကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ချမှတ်အကောင်အထည် ဖော်ဆောင်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ်အတွင်း၌လည်း လားရှိုးဒေသ၊ ကျိုင်းတုံဒေသ၊ တောင်ကြီးဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးနေသည်။

ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးသည် ကျိုင်းတုံဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီး အဖြစ် ဖော်ဆောင်ပေးမှုကြောင့် ဖြစ်ပေါ်လာသည့် အသီးအပွင့်တစ်ခုပင်ဖြစ်သည်။

အဆိုပါ ဆေးရုံကြီးတွင် ဆေးဝါးနှင့် ခေတ်မီဆေးရုံသုံး စက်ကိရိယာပစ္စည်းများ တပ်ဆင်ပေးထားပြီး ကျွမ်းကျင်သည့် အထူးကုသမားတော်ကြီးများက ပြည်သူများ၏ ကျန်းမာရေးအတွက် ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါထိရောက်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်တားဆီးသည့် ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် အလေ့အကျင့်ကောင်းများ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရရှိလာစေရေး ပိုမိုဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများက တိုင်းရင်းသားပြည်သူများအားလုံး အသက်ရှည် ကျန်းမာကြံ့ခိုင်စေရေးအတွက် နိုင်ငံတော်၏ အားပေးဖြည့်ဆည်းပေးမှုများနှင့်အတူ မိမိတို့ တတ်မြောက်ထားသည့် ဆေးပညာဖြင့် အကြင်နာ၊ စေတနာပေါင်းစပ်ပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွေး/ရေ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇွန် ၁၇ ရက် ညနေပိုင်းတွင် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ကမ်းနီး/ကမ်းဝေး ငါးဖမ်းစက်လှေပိုင်ရှင်များ၊ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါးပုစွန် ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရေလုပ်ငန်းဆိုင်ရာ တိုးတက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း ရန်ကုန်တိုင်း ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းများမှ မိဘဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။ (မွေး/ရေ)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် တွဲဖက် အခြေခံပညာ အထက်တန်း ကျောင်းများမှ မိဘဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံ၍ မြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းများ အသစ်ဆောက်လုပ်ပြီးစီးသည့် အခြေအနေ၊ အခြေခံပညာ အထက်တန်းကျောင်းများ၌ Multi-Media သင်ထောက်ကူပစ္စည်းများ ထပ်မံတပ်ဆင်ပေးသွားမည့် အခြေအနေနှင့် အကျိုးတော်ဆောင်များက ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် Multi - Media သင်ထောက်ကူပစ္စည်းများ တပ်ဆင်ရေး အခြေအနေကို တာဝန်ရှိသူ အသီးသီးက တင်ပြဆွေးနွေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မတည်လှူဒါန်းသည့် အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် အထက်တန်းကျောင်း ခြောက်ကျောင်းအတွက် ငွေကျပ်သိန်း ၁၂၀ နှင့် လျှပ်စစ်မီးကြိုးသွယ်တန်းရန် ငွေကျပ် ၁၀ သိန်းကို မတည်လှူဒါန်း၍ အဆိုပါ အခြေခံပညာ အထက်တန်းကျောင်းများ၌ Multi-Media သင်ထောက်ကူပစ္စည်းများ အမြန်တပ်ဆင်သွားရန် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ ပြည်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းသံဃနာယကအဖွဲ့ ရွေးချယ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်အတွင်းရှိ စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိအမှူးပြုသော ဆရာတော် သံဃာတော် ၃၄ ပါး ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အဖွဲ့ဝင် တွဲဖက် တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ခရိုင်၊မြို့နယ်တို့မှ သာသနာရေးဦးစီးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယက အဖွဲ့ ရွေးချယ်ကြီးကြပ်ရေး ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလ ဇောတိက ဩဝါဒကထာ မြွက်ကြားတော်မူကာ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် တိုင်းသံဃနာယက ဥက္ကဋ္ဌ ဆရာတော်ဝေပုလ္လ ရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဝေပုလ္လက အကျိုးတော်ဆောင် ဆရာတော်ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကဘဒ္ဒန္တသူရဓဇနှင့် အဖွဲ့ဝင် ဆရာတော်ငါးပါးတို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ဖွဲ့စည်းသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ရွေးချယ်ကြီးကြပ်ရေး ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ် ၁၂၁/B သံလွင်လမ်း (၁၀)ရပ်ကွက် ကမာရွတ်မြို့နယ်နေ ဦးကြည်ညွှန့် ဒေါက်တာ တင်တင်လွင် မိသားစုက ငွေကျပ် ၁၅၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၀

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ စစ်ရေးပြမှူးက ပြိုင်ပွဲဝင် စစ်တုရင် အားကစားအသင်းများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနေဖြင့် တပ်မတော်အားကစားကဏ္ဍ တိုးတက်မြင့်မားပြီး တပ်မတော်အတွင်း စစ်တုရင်အားကစား နည်းစနစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တပ်ရင်း၊ တပ်ဖွဲ့လိုက်အသင်းများ၏ စစ်တုရင် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အားကစားအသင်းများတွင်သွေးသစ်လောင်းနိုင်မည့် စစ်တုရင် အားကစား မျိုးဆက်သစ်များ မွေးထုတ်နိုင်စေရန်တို့အတွက်ဤပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စစ်တုရင် ပထမရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး စစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယှဉ်ပြိုင်

၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း၊ စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၂သင်း၊ အားကစားသမား ၁၆၈ဦး ပါဝင်၍ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကိုယနေ့မှ ဇွန် ၂၄ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။(သတင်းစဉ်)

၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်တုရင် ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ရကတ)



အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၅)နှင့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း သင်တန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၅)နှင့် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ သင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးသက်ရောက်မှု အခြေအနေများကို အသေးစိတ်ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၅)သို့ သင်တန်းသား၊ သင်တန်းသူ ၃၆ဦး တက်ရောက်ကြပြီး လျှပ်စစ်ကျွမ်းကျင်မှုအခြေခံ သင်တန်းအမှတ်စဉ်(၁/၂၀၀၅)သို့ သင်တန်းသား ၇၅ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ကျပ်နှစ်သောင်းနှင့်အထက် စိုက်ထူလှူဒါန်းခဲ့ကြသော အလှူရှင်များအားဂုဏ်ပြုပွဲနှင့် (၂၆)ကြိမ်မြောက် ရေစက်ချပွဲကို ဇွန် ၂၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက(ယော)ဆရာတော် အမှူးပြုသောသံဃာတော်များ ကြွရောက်ချီးမြှင့်မည်ဖြစ်ရာ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်းလှူဒါန်းခဲ့ကြသော ငွေပဒေသာပင်အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမသို့ ကြွရောက်ကြရန် အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ (ဆဋ္ဌမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၂၄-၆-၂၀၀၅(သောကြာနေ့)
အချိန် - မွန်းလွဲ (၁)နာရီခွဲ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက်လှူဒါန်းနိုင်ပါရန် နိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန်
၃၇၁၃၃၉
၃၇၉၇၆၉
၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း အကောင်အထည်ဖော်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်း၌ ပထမအကြိမ် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း အကောင်အထည်ဖော်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ယင်းကျောင်းခန်းမ၌ ကျင်းပရာအခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် သဃ်န်းကျွန်းပညာရေးကောလိပ်မှ လက်ထောက်ကထိက ဒေါ်မြမြအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်ထိ ဖွင့်လှစ်မည်ဖြစ်သည်။ (၅၀၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Sunday Talk
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	ပညာပါရမီကုသိုလ်တော်နတ်လူသာဓုခေါ်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ဆေးရွက်ကြီးအန္တရာယ် (သိပ္ပံမှူးတင်)
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	ယွန်းထည်အတတ်ပညာ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန)
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	၂၀၀၄ခုနှစ် မြန်မာ့အကောင်းဆုံးအားကစားသမားများအား ဆုချီးမြှင့်ခြင်း
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	သံပုံထောင်းခြင်းဆိုင်ရာနည်းပညာ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သမ္မတဘုရှ်အား ထောက်ခံမှုနှုန်းထား ကျဆင်း လူထုသဘောထားစစ်တမ်းတွင် ဖော်ပြ

ဝါရှင်တန် ဇွန် ၁၉

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်အား သမ္မတအဖြစ် ပြည်သူလူထုထောက်ခံမှုသည် အနိမ့်ဆုံးအခြေအနေသို့ရောက်ရှိနေသည်။ အမေရိကန်ပြည်သူလူထုသည် အီရတ်ပြဿနာနှင့်ပတ်သက်၍ အဆိုးမြင် သဘောထားမြင့်မားလျက်ရှိကာ လူမှုဖူလုံရေးစီမံကိန်း ပြန်လည်ပြုပြင်ရေးနှင့် ပတ်သက်၍ သံသယဖြစ်နေကြကြောင်း သောကြာနေ့က ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းသစ်တွင် ဖော်ပြထားသည်။

သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်၏ လုပ်ငန်း ကိုင်တွယ် ဖြေရှင်းမှုအပေါ် ထောက်ခံမှု အခြေအနေသည် နိုဝင်ဘာနောက်ပိုင်း ၅၁ ရာခိုင်နှုန်း ထောက်ခံမှုအောက်သို့ ထူးထူးခြားခြား ကျဆင်းသွားပြီး ၄၂ ရာခိုင်နှုန်းကသာ ထောက်ခံကြကြောင်းနယူးတိုင်းမ်နှင့် စီဘီအက်စ်က ကောက်ယူသည့် သဘောထားစစ်တမ်းတွင် ပါရှိသည်။

ထောက်ခံ

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ သမ္မတဘုရှ်၏ ကိုင်တွယ်ဖြေရှင်းမှု၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးမူဝါဒများအား ပြည်သူ ၃၇ ရာခိုင်နှုန်းကသာ ထောက်ခံကြသည်ကို လူထုစစ်တမ်းတွင် တုံ့ပြန်ဖြေကြားသူများ၏ အဖြေများအရ သိရသည်။

လူမှုဖူလုံရေးစီမံကိန်းအား ပြန်လည်ဆန်းသစ်စေမည့်အစီအစဉ် အောင်မြင်ရေးအတွက် သမ္မတဘုရှ်က ကြိုးပမ်းနေလင့်ကစား ယင်းစီမံကိန်းနှင့်ပတ်သက်၍ ခိုင်မာသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည့်စွမ်းရည် ဘုရှ်တွင်မရှိဟု ပြည်သူသုံးပုံနှစ်ပုံက ယုံကြည်နေကြသည်။

ကျဆင်း

လူမှုဖူလုံရေးဆိုင်ရာ ဘုရှ်၏ ကိုင်တွယ်ဖြေရှင်းမှုအပေါ် ၂၅ ရာခိုင်နှုန်းသောပြည်သူတို့က ထောက်ခံကြရာ မတ်လကရှိခဲ့သည့် ထောက်ခံမှုနှုန်းထက် ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။

ပြည်သူ ၄၅ ရာခိုင်နှုန်းကမူ ဘုရှ်၏ အစီအစဉ်များအား ကြားရလေလေ အကြိုက်နည်းလေလေဟု ပြောနေကြသည်ဟု စစ်တမ်းအရ သိရှိရသည်။

တုံ့ပြန်ဖြေကြား

ယင်းစစ်တမ်းကို ဇွန် ၁၀ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ၁၁၁ ဦးတို့အား မေးမြန်းရာတွင် တုံ့ပြန်ဖြေကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆီးရီးယား နယ်စပ်အနီး ကာရာဘီလာမြို့တွင် ကင်းလှည့်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

လူသတ်မှုဆက်တိုက်ကျူးလွန်သူကို ရဲတပ်ဖွဲ့က ရှာဖွေ

အော့တဝါ ဇွန် ၁၉

အနည်းဆုံးအမျိုးသမီး ရှစ်ဦးတို့ကို ဆက်တိုက် သတ်ဖြတ်ခဲ့သော တရားခံတစ်ဦးကို ကနေဒါနိုင်ငံအနောက်ပိုင်း အက်ဒ်မွန်တန်မြို့ ရဲများက ရှာဖွေနေကြသည်ဆိုသော ကြေညာချက်သည် ဇွန်လ ၁၇ ရက်တွင် ထွက်ပေါ်လာသည်။

အသတ်ခံရသူ အမျိုးသမီးများမှာ လိင်ကုန်ကူးမှုနှင့် ပါဝင်ပတ်သက်နေသူများဖြစ်သည်ဟု ဆိုသည်။ တရားခံသည် သေဆုံးသူအားလုံးကို သတ်ဖြတ်သည်ဟု မဆိုလိုသော်လည်း တစ်ဦးမကသောလူများကို သတ်ဖြတ်ခဲ့သည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါအမှုကို ကနေဒါအထူးရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိသည်။ ရဲတပ်ဖွဲ့က တရားခံကို ဖမ်းမိအောင် သတင်းပေးနိုင်သူကို ကနေဒါဒေါ်လာ ၁၀၀၀၀၀ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အယ်လ်ဘာတာပြည်နယ်၏ မြို့တော် အက်ဒ်မွန်တန်အနီးတစ်ဝိုက်တွင် ၁၉၈၃ ခုနှစ်မှစ၍ ရေတွက်ပါက လိင်ဖျော်ဖြေရေးလုပ်ငန်းဖြင့် အသက်မွေးသူ အမျိုးသမီးပေါင်း နှစ်ဒါဇင်ခန့်၏ အလောင်းများကို တွေ့ရှိခဲ့ကြရကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။ ရဲတို့က အဖြစ်အပျက်များသည် လူသတ်မှုဆက်တိုက်ကျူးလွန်သူ တရားခံ၏ လက်ချက်ဖြစ်လိမ့်မည်ဟု ၁၉၉၈ ခုနှစ်လောက်ကတည်းက သံသယရှိခဲ့ကြသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်အထိ ရေတွက်ပါလျှင် အမျိုးသမီး ရှစ်ဦး အသတ်ခံခဲ့ရပြီးဖြစ်သည်ဟု ရဲတပ်ဖွဲ့မှလာသော သတင်းများအရသိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကားဗုံးဖောက်ခွဲ ရဲတပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် လေဆိပ် သွားရာလမ်းတွင် ကြာသပတေးနေ့က ဗုံးဖောက်ခွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး အခြား ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်။

ဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာ ပစ္စည်းအပြည့်တင်ထားသည့် ၎င်း၏ မော်တော်ယာဉ်ကို လေဆိပ်သွားရာ လမ်းတွင် ရဲတပ်ဖွဲ့ မော်တော်ယာဉ်တန်းအတွင်း ဖောက်ခွဲခြင်းဖြစ်ရာ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး၊ အခြား ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက် နိုင်ငံတကာ လေဆိပ်သွားရာလမ်းသည် အီရတ်နိုင်ငံတွင်ဘေးအန္တရာယ်အများဆုံး လမ်းတစ်လမ်းဖြစ်ပြီး ပြောက်ကျားများက အမေရိကန်နှင့် အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်သစ်များအား လမ်းဘေးဗုံးများဖြင့် နေ့စဉ်နီးပါး တိုက်ခိုက်သည့်နေရာဖြစ်သည်။

ကြာသပတေးနေ့ စောစောပိုင်းကလည်း အီရတ် ကြည်းတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဖောက်ခွဲခဲ့ရာ တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားတွင် ရေနံလုပ်သားများ ပြန်ပေးဆွဲခံထားရ လွတ်မြောက်ရေးအတွက် ညှိနှိုင်းမှုများ စတင်ပြုလုပ်

လေဂို့စ် ဇွန် ၁၉

မကြာသေးမီက ပြန်ပေးဆွဲခံခဲ့ရသည့် နိုင်ဂျီးရီးယားနိုင်ငံသား ရေနံလုပ်သားလေးဦးနှင့် ဂျာမန်နှစ်ဦးတို့ လွတ်မြောက်စေရေးအတွက် နိုင်ဂျီးရီးယား ဒေသန္တရအစိုးရနှင့် စစ်သွေးကြွအုပ်စုတို့ တွေ့ဆုံဆွေးနွေးနေကြကြောင်း ဓားစာခံများ၏လုပ်ငန်းရှင်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

နိုင်ဂျီးရီးယားပြည်နယ် အစိုးရက ပြန်ပေးဆွဲသူများနှင့် ဆွေးနွေးနေကြသည်ဟု ရှိုင်ရယ်ဒတ်ချ်ရှဲလ် ရေနံကုမ္ပဏီ လက်ခွဲကန်ထရိုက်၏ ပြောရေးဆိုခွင့်ရှိသူ လီမင့်လိုဘာက ဆင်ဟွာ သတင်းဌာနအား သောကြာနေ့က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ ဘေးရယ်ဆာ ပြည်နယ်တွင် ရှဲလ် ရေနံကုမ္ပဏီက လုပ်ကိုင်နေသည့် လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်အလာတွင် အဆိုပါ ရေနံလုပ်သားများ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။ ဂျာမန်နှစ်ဦးမှာ ဟောင်နှင့် ပွတ်ဇစ်တို့ဖြစ်သည်ဟု နိုင်ဂျီးရီးယား သတင်းစာတစ်စောင်က ရေးသားသည်။

စစ်သွေးကြွအုပ်စု တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဒူဝီနီ အမျိုးသားလှုပ်ရှားမှုအဖွဲ့က ယင်းပြန်ပေးဆွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အုပ်စုက ဓားစာခံများ လွတ်မြောက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ပေးရန်နှင့် ရှဲလ်ကုမ္ပဏီအနေဖြင့် အီဒူဝီနီ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးစေရေးအတွက် ဆောင်ရွက်ပေးရန်ကိစ္စကိုလည်း တောင်းဆိုထားသည်။

ပြန်ပေးဆွဲသူ အုပ်စုအနေဖြင့် အဖမ်းခံထားရသည့် ဓားစာခံများ အမြန်ဆုံး လွှတ်ပေးရန်နှင့် နိုင်ဂျီးရီးယားနိုင်ငံအတွင်း လုပ်ကိုင်နေကြသည့် ရှဲလ် အပါအဝင် နိုင်ငံစုံရေနံကုမ္ပဏီများ အနေဖြင့်လည်း ဒေသန္တရအသိုင်းအဝိုင်းနှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များကို လိုက်နာလေးစားကြရန် ရယ်ဆာဒေသန္တရ အစိုးရက ကြာသပတေးနေ့တွင် တိုက်တွန်း ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားမှ ရေနံကုမ္ပဏီကြီးများသည် ဆင်းရဲနွမ်းပါးသည့် ဒေသကောင်းကျိုးအတွက် တစ်စုံတစ်ရာ လုပ်ကိုင်ပေးခြင်းမရှိဟု နိုင်ဂျီးရီးယား တောင်ပိုင်း နိုင်ဂျာဒယ်လ်တာဒေသမှ အသိုင်းအဝိုင်းက စွပ်စွဲပြောကြားပြီး လျော်ကြေး တောင်းခြင်း၊ ရံဖန်ရံခါ ရေနံစုပ်စက်များအား သိမ်းပိုက်ကာ ရေနံလုပ်သားများကို ပြန်ပေးဆွဲခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗုံးပေါက်ကွဲမှုကြောင့် အီရတ် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

တီကရစ် ဇွန် ၁၉

အီရတ်နိုင်ငံ တူဇ်-ခါမာတိုမြို့တွင် သောကြာနေ့က ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိသွားသည်။

အီရတ်တပ်ဖွဲ့ဝင်များက ဗုံးခွဲသူ၏ မော်တော်ယာဉ်အား သံသယမကင်းဖြစ်၍ တားဆီးရာ ဗုံးဖောက်သူက ပေါက်ကွဲစရာ အပြည့်အသိပ်တင်လာသည့် မော်တော်ယာဉ်ကို တူဇ်-ခါမာတိုမြို့လယ်တွင် ဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု အီရတ်-အမေရိကန် ပူးပေါင်းညှိနှိုင်းရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်တပ်ဖွဲ့ဝင်များက ဗုံးဖောက်ခွဲသူအနီး ကပ်လာရာတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကူးစက်ရောဂါများဘေးအန္တရာယ် ကမ္ဘာ့နိုင်ငံများကာကွယ်ရေး ထိရောက်ပြည့်စုံသောနည်းလမ်းဖြင့် ဆောင်ရွက်ရန် ကိုဖီအာနန်တိုက်တွန်း

ကုလသမဂ္ဂ ဇွန် ၁၉

ကမ္ဘာ့နိုင်ငံများအား ခြိမ်းခြောက်နေသော ရောဂါဘယဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်နှင့် ကမ္ဘာ့လူသားတို့ ကျန်းမာရေးကောင်းမွန်စေရန် ထိရောက်ပြည့်စုံသော နည်းလမ်းများဖြင့် ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

လိုအပ်

ကမ္ဘာ့နိုင်ငံများသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အိဒ်စ်)ကဲ့သို့သော အခြေခိုင်မာနေပြီးဖြစ်သည့် ကူးစက်ရောဂါများမှသည် ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)ရောဂါကဲ့သို့သော အသစ်ပေါ်ထွက်လာသော ကူးစက်ရောဂါများအထိ ရောဂါဘယအမျိုးမျိုးမှ ကာကွယ်နိုင်ရေး၌ ထိထိရောက်ရောက်ရှိသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ပြည်သူ၊ ပြည်သားများအားလုံး သာယာဝပြောပြီး ကျန်းမာရေးကောင်းမွန်သော အနာဂတ်ဘဝအတွက် မိမိတို့ပူးပေါင်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကမ္ဘာ့ ဆရာဝန်များအဖွဲ့က ချီးမြှင့်သည့် ၂၀၀၅ ခုနှစ် ကျန်းမာရေးနှင့် လူ့အခွင့်အရေး ဦးဆောင်ဆုကို လက်ခံရယူပြီးနောက် ကိုဖီအာနန်က ပြောကြားသည်။

ပူးပေါင်း

ကျန်းမာရေးပြဿနာသည် ဖွံ့ဖြိုးရေးပြဿနာနှင့် တစ်သီးတစ်ခြားစီရှိနေသည်မဟုတ်ကြောင်း၊ ရောဂါဘေးအန္တရာယ် ခြိမ်းခြောက်မှုများကို ထိန်းချုပ်နိုင်ရေးကြိုးပမ်းရာတွင် သမားရိုးကျ အတွေးအခေါ်များဖြင့် ဆောင်ရွက်နေရုံမျှဖြင့် ရမည်မဟုတ်ကြောင်း၊ ရောဂါဘေးအန္တရာယ်များမှ ပြည်သူများကို ကာကွယ်နိုင်ရန် ကျန်းမာရေးဌာနတစ်ခုတည်းကမဟုတ်ဘဲ ဌာနများအားလုံးက ပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း အာနန်က ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများအတွင်း ကူးစက်ပျံ့နှံ့စေနိုင်သော ရောဂါဘယများအား ထောက်လှမ်းလေ့လာခြင်းနှင့် ယင်းရောဂါတို့ကို တုံ့ပြန်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်စေရေးအတွက် အရင်းအမြစ်များကို တိုးမြှင့်သုံးစွဲရန် လိုအပ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ပထမဆုံးသော ရေနံချက်စက်ရုံ တည်ဆောက်ရေး ဗီယက်နမ်အမျိုးသားလွှတ်တော် ဆုံးဖြတ်ချက်ချမှတ်

ဟန်နွိုင်း ဇွန် ၂၀

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော ရေနံချက်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကို အရှိန်အဟုန်မြှင့်တင်ရန် (၁၁)ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ အင်္ဂါနေ့တွင် ကျင်းပသော သတ္တမအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ကိုယ်စားလှယ်များအား ကိုးကားလျက် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွန်ငွေပြည်နယ် ဒေါင်ကွက်ဒေသ၌ ရေနံချက်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ၂၀၀၈ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၂၀၀၉ ခုနှစ် အစောပိုင်းတွင် စက်ရုံလည်ပတ်မှုစတင်ရန် မျှော်မှန်းကြောင်း သတင်းဌာနက ဖော်ပြသည်။

ရေနံချက်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကို ဆောင်ရွက်ရာတွင် နှေးကွေးကြန့်ကြာမှု၊ လေလွင့်ပြုန်းတီးမှုနှင့် ဆုံးရှုံးမှုတို့ ဖြစ်ပေါ်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများက ကြီးကြပ်ဆောင်ရွက်ရန် အမျိုးသားလွှတ်တော်က တာဝန်ပေးအပ်လိုက်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံပိုင်ရေနံနှင့် ဓာတ်ငွေ့ကော်ပိုရေးရှင်းဖြစ်သော ပက်ထရိုဗီယက်နမ်ကုမ္ပဏီသည် ရေနံချက် စက်ရုံတည်ဆောက်ရေးလုပ်ငန်း အတွက် ပြင်သစ်နိုင်ငံမှ တက္ကနစ်ကွန်ဖလက်ဇစ် ကုမ္ပဏီဦးဆောင်သော ကုမ္ပဏီဇုန် အုပ်စုကြီးတစ်ခုနှင့် ကန်ထရိုက်စာချုပ်ကို မေလလယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ရေနံချက်စက်ရုံတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အထိ ရန်ပုံငွေကျခံသုံးစွဲရမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ ရေနံချက်စက်ရုံသည် ထုတ်လုပ်မှုစတင်သည့်အခါ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၆ ဒသမ ၅ သန်း ချက်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။ ပြည်တွင်း ရေနံထုတ်ကုန် ဝယ်ယူလိုအား၏ ၄၀ ရာခိုင်နှုန်းကို ချက်လုပ်ပေးမည်ဖြစ်ကြောင်း ပက်ထရိုဗီယက်နမ်ကုမ္ပဏီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ ရေနံစိမ်းတန်ချိန် ၇ ဒသမ ၃ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မွန်ဂိုလီးယား ကုန်သွယ်မှု ပမာဏ မြင့်တက်

အူလန်ဘာတာ ဇွန် ၁၈

မွန်ဂိုလီးယားနိုင်ငံ၏ ကုန်သွယ်မှု ပမာဏသည် ယခုနှစ် ပထမငါးလတာ ကာလတွင် အမေရိကန်ဒေါ်လာ ၆၆၆ သန်းရှိပြီး ယမန်နှစ်အလားတူ ကာလထက် ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မွန်ဂိုလီးယား စာရင်းအင်း ဗျူရိုက သောကြာနေ့တွင် ကြေညာသည်။

ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂၉၂ ဒသမ ၁ သန်းရှိပြီး ယမန်နှစ်ထက် ၁၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာသည်။ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၃၇၃ ဒသမ ၉ သန်းရှိပြီး ယမန်နှစ်ထက် ၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်။

ပြည်ပသို့ ဓာတ်သတ္တုပစ္စည်းများ တင်ပို့မှုမှာ ဒေါ်လာ ၃၀ ဒသမ ၂ သန်းဖိုး မြင့်တက်လာသည်။ ပြည်ပနိုင်ငံများမှ စက်ကိရိယာများနှင့် လျှပ်စစ်ပစ္စည်းများကို တင်သွင်းခဲ့ရသဖြင့် သွင်းကုန်တန်ဖိုး မြင့်တက်လာသည်။

တရုတ်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မွန်ဂိုလီးယားနိုင်ငံ၏ ပို့ကုန်တန်ဖိုး ၅၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံတွင် ပညာရေးရုပ်မြင်သံကြား ထုတ်လွှင့်မှု အစီအစဉ်အရ ဆရာမတစ်ဦး သင်ကြားပို့ချပေးနေသည်ကို ဇွန် ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကော်ဖီတိုးမြှင့်တင်ပို့နိုင်မှုကြောင့် ယူဂန္ဒာ ဝင်ငွေတိုး

ကမ်ပါလာ ဇွန် ၁၉

ယူဂန္ဒာနိုင်ငံက ကော်ဖီတင်ပို့နိုင်မှုကြောင့် မေလအတွင်း ရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ သန်းရှိသည်။ ထိုပမာဏသည် ယခင်နှစ် အလားတူကာလကထက် ဝင်ငွေ ၉၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း ယူဂန္ဒာ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးရေးဌာန (ယူစီဒီအေ)၏ လစဉ်ထုတ်ပြန်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အရှေ့အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ယူဂန္ဒာသည် မေလအတွင်းက ၆၀ ကီလိုဝင် ကော်ဖီအိတ်ပေါင်း ၂၁၈၄၇၅ အိတ်တင်ပို့နိုင်ခဲ့သည်။ ယခင်နှစ် ၂၀၀၄ ခု မေလအတွင်းက ကော်ဖီအိတ်ပေါင်း ၁၈၀၉၀၁ သာ တင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်းသာရရှိခဲ့သည်။

ယခုနှစ် ဧပြီလက ကော်ဖီအိတ်ပေါင်း ၂၁၁၃၈၈ အိတ်တင်ပို့ခဲ့ရသည့်အတွက် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ သန်းရရှိသည်။

မြင့်တက်

ကော်ဖီဈေးနှုန်းများသည် ၂၀၀၄ ခုနှစ်ကတည်းက မြင့်တက်လာခဲ့သည်။ ထိုအကျိုးဆက်ကြောင့် ယခုနှစ်မေလ ဝင်ငွေမှာ ၉၅ ရာခိုင်နှုန်း မြင့်တက်သွားရခြင်းဖြစ်သည်။ ကော်ဖီဈေးနှုန်းကောင်းလာသည့်အတွက် ကော်ဖီစိုက်ပျိုးသူများနှင့် ကုန်သည်များသည် သိုလှောင်ထားသော ကော်ဖီစေ့များကို ထုတ်၍ရောင်းချခဲ့ကြသည်။ သို့ဖြစ်၍ ကော်ဖီရောင်းချမှု ပမာဏမှာလည်း ပိုမိုများပြားလာသည်ကို တွေ့ရသည်ဟု ယူစီဒီအေက ပြောကြားသည်။

တင်ပို့

ယူဂန္ဒာနိုင်ငံအတွက် ကော်ဖီရာသီမှာ နှစ်အလိုက် ကြည့်မည်ဆိုလျှင် ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် စတင်ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် အဆုံးသတ်သည်။ သို့ဖြစ်၍ မေလသည် ကော်ဖီရာသီ၏ အဋ္ဌမမြောက်လ ဖြစ်သည်။ ကော်ဖီရာသီ ရှစ်လအတွင်း ယူဂန္ဒာနိုင်ငံသည် ကော်ဖီအိတ်စုစုပေါင်း ၁ ဒသမ ၆၆ သန်း တင်ပို့ခဲ့ရပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၉၉ သန်း ရရှိခဲ့သည်။

အာဖရိကဒေသတွင် ယူဂန္ဒာနိုင်ငံသည် ကော်ဖီအဓိကစိုက်ပျိုး ထုတ်လုပ်ကာ တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ လက်ရှိအခြေအနေတွင် ကော်ဖီတင်ပို့မှု အခြေအနေများ ကောင်းနေသော်လည်း ၂၀၀၄ ခုနှစ်က မိုးခေါင်သည့်အဖြစ်နှင့် ကြုံရပြီး ကော်ဖီပင် ရောဂါပိုးကျခဲ့သည့်အတွက် ၂၀၀၅-၂၀၀၆ ကော်ဖီရာသီတွင် ကော်ဖီအထွက် ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ ယခင် ကော်ဖီရာသီက ယူဂန္ဒာတွင် ကော်ဖီအိတ်ပေါင်း ၂ ဒသမ ၆ သန်း ထွက်ခဲ့သော်လည်း ၂၀၀၅-၂၀၀၆ ကော်ဖီရာသီတွင် အထွက်ပမာဏမှာ အိတ်ပေါင်း ၂ ဒသမ ၅ သန်းသာ ရှိမည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အကြမ်းဖက်မှု တိုက်ဖျက်ရေး နီပေါဘုရင် ဂျင်နင်ဒရာ တိုက်တွန်း

ခတ္တမန္ဒူ ဇွန် ၁၇

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အစိုးရဆန့်ကျင်ရေး ပြောက်ကျားများကို နှိမ်နင်းနိုင်ရန် ရည်ရွယ်သည့်အနေဖြင့် ၎င်းတို့အား ငွေကြေးထောက်ပံ့နေမှုအား ဖြတ်တောက်ကြပါရန် နီပေါဘုရင် ဂျင်နင်ဒရာက တိုက်တွန်းနှိုးဆော်လိုက်သည်။

အကြမ်းဖက် တိုက်ခိုက်မှုများ အတွက် ငွေကြေးထောက်ပံ့နေမှုများ ထိန်းချုပ်ရေးဆိုင်ရာ ထိရောက်သည့် လုပ်ငန်းမူဘောင်အတွင်းမှ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ဦးလည်မသုန် ဆောင်ရွက်ကြရန် မိမိတို့ အပြင်းအထန် တိုက်တွန်းပါကြောင်း ဂျီ-၇၇ နိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် ဂျင်နင်ဒရာက ပြောကြားခဲ့သည့် မိန့်ခွန်းကို ကိုးကား၍ နီပေါနိုင်ငံပိုင် ရေဒီယိုက သတင်းကြေညာသည်။

ရှုတ်ချ

မိမိတို့အနေဖြင့် နည်းမျိုးစုံဖြင့် ပြုလုပ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုအား အပြင်းအထန်ရှုတ်ချကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အကြီးအကျယ် ခြိမ်းခြောက်နေသည့် ယင်းအကြမ်းဖက်မှုကို တိုက်ဖျက်မည့် နိုင်ငံတကာ အသိုက်အဝန်း၏ သန္နိဋ္ဌာန်ကို ထောက်ခံအားပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်တွန်း

တောင်ပိုင်းဒေသမှ ခေါင်းဆောင်များအနေဖြင့် ပြည်တွင်းတွင် အခြေအတည်အကျ မရှိဖြစ်နေသူများအား ကူညီပံ့ပိုးနိုင်ရေး အထူးရန်ပုံငွေ ထူထောင်ရန်နှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းအတွင်း အခြေတကျဖြစ်ရေးနှင့် ပြန်လည်ထူထောင် ပေးရေးအတွက် စဉ်းစားနိုင်ကြပါရန် မိမိတို့ တိုက်တွန်းကြောင်း ဘုရင်ဂျင်နင်ဒရာက ပြောကြားသည်။

လိုအပ်

နီပေါနိုင်ငံသည် အိန္ဒိယနှင့်တရုတ်ပြည်အတွင်းရှိ စီးပွားရေးဆိုင်ရာ ကြားစခန်းတစ်ခုအဖြစ် မိမိသုံးသပ်ရှုမြင်ထားရာ ယင်းလုပ်ငန်းစဉ် အောင်မြင်စေရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် တိုးချဲ့ကာ ကူညီမှုပေးနိုင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



မလေးရှားရိုးရာ အခမ်းအနားများတွင် အသုံးပြုသော ရာဘာနာခေါ်ဗုံအား ဗုံပြုလုပ်သူ ဟမ်ဇားယူဆွတ်က တီးခတ်ပြနေသည်ကို ဇွန် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားကားဈေးကွက်တွင် တိုယိုတာထိပ်ဆုံးမှပြေးနေ

ဂျကာတာ ဇွန် ၁၉

ဂျပန်မော်တော်ကားထုတ်လုပ်သော လုပ်ငန်းကြီးဖြစ်သည့် တိုယိုတာကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ မော်တော်ကားဈေးကွက်ဝေစု၏ ၃၀ ဒသမ ၉ ရာခိုင်နှုန်းကို ရယူထားခြင်းဖြင့် ထိုနိုင်ငံ၏ ကားလုပ်ငန်းတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ပြီးခဲ့သောမေလအတွင်းက အင်ဒိုနီးရှားနိုင်ငံ ကားဈေးကွက်တွင် စုစုပေါင်း ရောင်းချရသော ကားစီးရေမှာ ၅၁၂၀၈ စီးရှိကြောင်း သိရသည်။ ၂၀၀၅ ခုနှစ် ပထမငါးလအတွင်း တိုယိုတာကားကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၌ ကားစီးရေ ၇၅၅၉၅ စီး ရောင်းချခဲ့ရသည်။ ထိုပမာဏသည် အင်ဒိုကားဈေးကွက်၏ ၃၀ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ကုမ္ပဏီ၏ ဗုဒ္ဓဟူးနေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ခရီးသည်တင်ကားဈေးကွက်တွင် တိုယိုတာက အင်ဒိုနီးရှားဈေးကွက်၏ ၃၈ ဒသမ ၆ ရာခိုင်နှုန်းကို လွှမ်းမိုးထားပြီး ပြိုင်ဘက်ကားကုမ္ပဏီများဖြစ်သည့် ဟွန်ဒါနှင့် စူဇူကီးကုမ္ပဏီများက ဈေးကွက်၏ ၁၈ ရာခိုင်နှုန်းနှင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်း အချိုးအစားအသီးသီးကို ရယူထားကြသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ

ကြည်ကြည်ချစ်
(စံကားဝါမြေ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသမီးရေးရာနှင့် စပ်လျဉ်းပြီး လမ်းညွှန်မိန့်ကြားရာတွင်–

"နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အကောင်အထည်ပေါ်အောင်၊ ခိုင်မြဲလာအောင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားရန်၊ အမျိုးသမီးအခွင့်အရေး၊ လူမှုရေးအခွင့်အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့တွန်းပို့နေသည့် နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက်သွားကြရန်၊ မြန်မာအမျိုးသမီးများ၏ နူးညံ့ယဉ်ကျေးသည့် ဓလေ့စရိုက်၊ နက်ရှိုင်းတည်ငြိမ်သည့် အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ် အယူအဆ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့်အခွင့်အလမ်းများ ပုံမှန်ရှင်သန်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်" ဟူ၍ မိန့်ကြားထားသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ သမိုင်းဦးအစကို လေ့လာကြည့်လျှင် မြန်မာအမျိုးသမီးများသည် အသီးသီးသော စွမ်းဆောင်ဂုဏ်ရည်များဖြင့် နိဒါန်းဖွင့်နိုင်ခဲ့သည်။ယင်းကာလများကပင် မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ်များတွင် သမိုင်းဝင်လာသည်အထိ စွမ်းဆောင်ရည်များ မြင့်မြင့်မားမား ရှိခဲ့ကြသည်။ စင်စစ် မြန်မာအမျိုးသမီးများသည် ထိုစဉ်ကာလက နိုင်ငံ၏ အဓိက အရေးကြီးသော နိုင်ငံရေး၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ကလန်၊ သံပျင်၊ တရားသူကြီး၊ အမတ်ကြီး၊ မင်းညီမင်းသား၊ မိဖုရားခေါင်ကြီးနှင့် မင်းဧကရာဇ်ဟူ၍ တရားစီရင်ခွင့်ရှိသူ ခုနစ်ဦးရှိသည်။ ယင်းတို့အနက် မိဖုရားခေါင်ကြီးအပြင် ကလန်နှင့်သံပျင်အရာ၌ ထမ်းဆောင်သူအမျိုးသမီးများကလည်း တရားစီရင်ခွင့်ရှိကြောင်း မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ဒုတိယတွဲ၌ ဖော်ပြထားသည်။ ယင်းစာတမ်းမှာပင် တရားသူကြီး ခြောက်မျိုးရှိသည့်အနက် **"ဂါမဘောဇက၊ ဇနပဒဘောဇက"** မည်သော တရားသူကြီးဟူရာ၌ ယောက်ျား၊ မိန်းမ မခွဲခြားသော မြို့စား၊ ရွာစားများကို ဆိုလိုပြီး ကိုယ်ပိုင်စားရသော မြို့ရွာနယ်ပယ်များတွင် တရားရေးရာများအား စီရင်ဆုံးဖြတ်နိုင်သည်ဟု လေ့လာသိရှိရသည်။

ဤသို့လျှင် မြို့စား၊ရွာစားအမျိုးသမီးများသာမက ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ အုပ်ချုပ်ရေး ရာထူးအဆင့်ဆင့်တွင် အမျိုးသမီးများသည် အကြီးအကဲရာထူးများအထိ တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့ကြသည်။ ယင်းအပြင် သံပျင်(အမတ်)၊ ကလန်(အုပ်ချုပ်ရေးအရာရှိ)၊ တံဆိပ်ချီ(ဘွဲ့တံဆိပ်ကိုင်သူ)၊ ကျီသည်(ကျီဝန်)၊ သင်ကြီး(အသင်းအဖွဲ့ခေါင်းဆောင်)၊ စာတော်ချီ (စာချီ)၊ မြေတိုင်(မြေနှင့်ပတ်သက်သော အုပ်ချုပ်ရေးအရာရှိ)၊ ပြည်စိုး(မြို့ဝန်)၊ဆိပ်သူကြီး(လှည်းဆိပ်၊ လှေဆိပ် အကြီးအကဲ)၊ မြို့သူကြီး (မြို့အကြီးအကဲ)၊ ရွာသူကြီး (ရွာအကြီးအကဲ)၊ ဆယ်အိမ်ခေါင်း(ငါးအိမ်အထက် ၂၀ မပြည့်သော အိမ်စုတွင် သူကြီးအဖြစ် တင်မြှောက်ထားသူ)စသော ရာထူးတာဝန် အသီးသီးတွင်လည်း အမျိုးသမီးများ ထမ်းဆောင်ခဲ့ကြောင်း လေ့လာသိရှိရသည်။ ဤသည်တို့မှာ ရှေးမြန်မာဘုရင်များလက်ထက်တွင် မြန်မာအမျိုးသမီးတို့၏ မြင့်မားသောစွမ်းဆောင်ဂုဏ်ရည်အရ ထိုက်တန်သော တာဝန်များကို နိုင်ငံရေး၊ အုပ်ချုပ်ရေးတို့တွင် ပါဝင်ထမ်းဆောင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

အလားတူပင် မြန်မာ့သမိုင်းအဆက်ဆက်တွင် ထင်ရှားသော အမျိုးသမီး စာဆိုတော်များလည်းရှိခဲ့သည်။ တရားရေးရာ အဖြာဖြာကို လိမ္မာကျွမ်းကျင်စွာ ဆုံးဖြတ်နိုင်စွမ်းရှိသည့် အမျိုးသမီး တရားဥပဒေ ပညာရှင်များ၊ စာပေပရိယတ္တိ၊ ကျမ်းဂန်၊ အဘိဓမ္မာပညာအရာ ကျွမ်းကျင်ပေါက်ရောက် တတ်မြောက်သော အမျိုးသမီး စာပေပညာရှင်များလည်း ရှိခဲ့သည်။

"ရွှေရောင်လျှမ်းလျှမ်း၊ ကြငှန်းလူလူ၊ ထီးဖြူလွင်လွင်၊ ပစ္စင်လျှပ်လျှပ်၊ ပြာသာဒ်လျှံလျှံ၊ ဘုံပျံလွှားလွှား၊ တံခါးလျှိုလျှို၊ ကျုံးညိုသာယာ" ရှိလာခဲ့သော ခေတ်အဆက်ဆက်ကပင် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု နယ်ပယ်တို့တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်းနှင့် နောက်လိုက်ကောင်းတို့၏ အရည်အချင်းများ ပြည့်စုံစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြသည်။ နောက်ပိုင်းခေတ်အဆက်ဆက်တွင်လည်း နိုင်ငံနှင့် တစ်မျိုးသားလုံး၏ဂုဏ်ကို သက်စွန့်ကြိုးပမ်း မြှင့်တင်ခဲ့ကြသော ထက်မြက်ထူးချွန်သည့် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ရည်သည် မြန်မာသိ၊ ကမ္ဘာသိသည်အထိ ကမ္ပည်းမော်ကွန်းထိုးခဲ့ပြီး ဖြစ်ပါသည်။

ဤသို့ဖြင့် မြန်မာအမျိုးသမီးများသည် ၎င်းတို့၏ စွမ်းဆောင်ရည်ဖြင့် အမျိုးသမီးကောင်းဘဝ တည်ဆောက်ရေး ပတ်ဝန်းကျင်အမွေခံကောင်းကို မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများအား လက်ဆင့်ကမ်းပေးထားခဲ့ပြီးဖြစ်သည်။

မျက်မှောက်ခေတ်တွင် မြန်မာအမျိုးသမီးများ၏ ဘဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်အကောင်အထည်ဖော်လျက်ရှိပေသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ မိသားစုသာယာရေး၊မိမိယဉ်ကျေးမှုကို မြတ်နိုးစွာ ထိန်းသိမ်းရေးနှင့် အမျိုးသမီးငယ်လေးများ၏ ဘဝလုံခြုံရေးဟူသော လုပ်ငန်းကြီး ခြောက်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် ယင်းလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးအဖွဲ့၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့များစသည်ဖြင့်ဖွဲ့စည်းပြီး မြန်မာအမျိုးသမီးများ၏ လူမှုဘဝမြင့်မားရေး၊ ကျန်းမာရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မျှရှိသည့် မြန်မာအမျိုးသမီးထုအင်အားကို အခြေခံလျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးတို့သည် စွမ်းဆောင်ရည် မြင့်မားစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိနေပေသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးဆေးပညာရှင် ပါရဂူများနှင့် ဆရာဝန်များစွာသည် လည်းကောင်း၊ အမျိုးသမီးတရားဥပဒေ ပညာရှင်များသည်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသမီးပါရဂူများနှင့် ပညာရှင်များသည်လည်းကောင်း၊ စီးပွားရေး စွမ်းဆောင်ရှင် အမျိုးသမီးများသည် လည်းကောင်း နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

အထူးသဖြင့် အားကစားကဏ္ဍတွင် ထူးချွန်သော အားကစား အမျိုးသမီးတို့၏ စွမ်းဆောင်ရည်များဖြင့် နိုင်ငံတကာ အားကစား နယ်ပယ်အတွင်းသို့ ချင်းနင်းဝင်ရောက် ထိုးဖောက်နိုင်ခဲ့သည်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အာရှခြေစစ်ပွဲသို့ပင် ဝင်ရောက်ယှဉ်ပြိုင်နေသကဲ့သို့ မြန်မာအမျိုးသမီး အလေးမအားကစား မယ် အေးအေးအောင်၊ အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ခင်ဆွေဦး၊ စိုးစိုးမြ၊ ရွှေတံဆိပ်ဆုရှင် ရေကူးချန်ပီယံ မိုးသူအောင်၊ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလေးမရွှေတံဆိပ်ဆုရှင် မြစန္ဒာဦး၊ ဆွေဆွေဝင်း၊ ခင်မိုးနွယ်၊ အာရှချန်ပီယံ ကေသီဝင်း၊ အာရှချန်ပီယံ ဂူရှူးရွှေတံဆိပ် ငါးဆုရှင် ခိုင်ခိုင်မော်စသူတို့၏ အားကစားစွမ်းဆောင်ရည်များသည် နိုင်ငံတကာ အားကစားမျက်နှာစာတွင် **"မြန်မာ"** ဟူသော အက္ခရာ မော်ကွန်းကို ဖော်ညွှန်းရေးထိုးနိုင်သည်အထိ နိုင်ငံနှင့် လူမျိုးဂုဏ်ကို ဆောင်လျက်ရှိသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံတွင် ထူးချွန်ထင်ရှားသော အင်ဂျင်နီယာပညာရှင်များ၏ စွမ်းဆောင်ရည်အဖြစ် ရဲနွယ်တံတားစီမံကိန်း ဒါရိုက်တာ အင်ဂျင်နီယာမှူး ဒေါ်စီသန်းဦးစီးသော အမျိုးသမီးအင်ဂျင်နီယာများ တည်ဆောက်ခဲ့သည့် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ရှိ ရဲနွယ်တံတားသည် အထင်အရှားအခိုင်အမာ သက်သေတည်လျက်ရှိသည်။

အလားတူပင် ပုသိမ်–မြောင်းမြကားလမ်းပေါ်တွင် ပမ္မဝတီမြစ်ကူး တံတားကိုလည်း မြန်မာအမျိုးသမီးအင်ဂျင်နီယာများက ဦးဆောင်တည်ဆောက်နေပေသည်။ သံလွင်တံတား(မော်လမြိုင်)၊ ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း)၊ ရောဝတီတံတား (မကွေး) စသော မြစ်ကူးတံတားကြီးများ အပါအဝင် တံတားကြီးငယ်မြောက်မြားစွာကိုလည်းကောင်း၊ သဖန်းဆိပ်၊ ပေါင်းလောင်းစသည့် ဆည်တမံပေါင်းမြောက်မြားစွာကိုလည်းကောင်း တည်ဆောက်ခဲ့ရာတွင် မြန်မာအမျိုးသမီး အင်ဂျင်နီယာများသည် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယင်းအပြင် မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကလည်း နိုင်ငံတော်က ချမှတ်ထားသော ဈေးကွက်စီးပွားရေး

> **ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးဆေးပညာရှင် ပါရဂူများနှင့် ဆရာဝန်များစွာသည်လည်းကောင်း၊ အမျိုးသမီး တရားဥပဒေ ပညာရှင်များသည်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် အမျိုးသမီးပါရဂူများနှင့် ပညာရှင်များသည် လည်းကောင်း၊ စီးပွားရေး စွမ်းဆောင်ရှင် အမျိုးသမီးများသည် လည်းကောင်း နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်မြင့်မားစွာ ပါဝင်ဆောင်ရွက် လျက်ရှိကြသည်။**

စနစ်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအပေါ်ရပ်တည်ပြီး နိုင်ငံတကာစီးပွားရေး ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ဈေးကွက်စီးပွားရေး အတွေ့အကြုံဆွေးနွေးပွဲများသို့ တက်ရောက်လေ့လာပြီး လက်တွေ့လုပ်ငန်း နယ်ပယ်တွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြင့် နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိသည်။

အလားတူပင် အမျိုးသားယဉ်ကျေးမှု အနုသုခုမသဘင်ပညာတွင် ထူးချွန်သော အမျိုးသမီးငယ်လေးများ၏ အနုပညာစွမ်းဆောင်ရည်မှာလည်း အံ့မခန်းပင်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲများတွင် အခြေခံပညာအဆင့်၌ (၅)နှစ်သမီးမှ (၁၆)နှစ်သမီးအထိ မြန်မာအမျိုးသမီးကလေးများသည် အဆို၊ အက၊ အရေး၊အတီးပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်လျက်ရှိသည်။

ဤသို့ဖြင့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် စွမ်းဆောင်ရည် ထက်မြက်မြင့်မားစွာဖြင့် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်လာသကဲ့သို့ မျက်မှောက်ခေတ်တွင်လည်း မြန်မာအမျိုးသမီးများ၏ မြင့်မားသောစွမ်းဆောင်ရည်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် အင်အားထုကြီး တစ်ရပ်အဖြစ် ပါဝင်ကြိုးပမ်းစွမ်းဆောင်လျက်ရှိကြောင်း၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်မည့် **"မြန်မာအမျိုးသမီးများနေ့"** ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

စောင့်လေမျိုးနွယ်

☆ ပုဂံခေတ်တွင်၊ အချစ်နှင့်အမျိုးသားရေး
မရောထွေးဘဲ၊ အတွေးအမြင်
ကြည်လင်ပိုင်းခြား၊ နှလုံးသားဆန္ဒ
လုံးဝဆန့်ကျင်၊ ဖခင်နှင့်အတူ
ပြည်သူအတွက်၊ အိမ်ထောင်ဖက်ရွေး
မြန်မာ့သွေးဇာတိမာန်၊ မှန်ကန်ဆုံးဖြတ်
မြင့်မြတ်ဂုဏ်ရည်၊ ရှိခဲ့သည်လေ။ ။
☆ မြင့်မြတ်ဂုဏ်ရည်၊ ကမ္ဘာတည်မျှ
ခွန့်ရှည်စွလေ၊ ရွှေအိမ်စည်ဇာတ်လမ်း
မှတ်တမ်းမော်ကွန်း၊ ဖော်ညွှန်းရလျှင်
ရင်မှာလှုပ်ခတ်၊ ပွဲတင်ထပ်နေ
စောင့်လေမျိုးနွယ်၊ ကျင့်ဖွယ်တာဝန်
ကျေပွန်ခံယူ၊ ပုဂံသူအား
လေးစားဂုဏ်ပြု၊ ပြုစုကဗျာ
ရေးဖွဲ့ပါသည်၊ မြန်မာအမျိုးသမီးကောင်း
သမိုင်းကြောင်းသည်၊ မဟောင်း မနွမ်း
လန်းဆန်းအလှ၊ မွှေးမြထုံသင်း
ကမ္ဘာချဉ်းတိုင်၊ လှိုင်လှိုင်ရနံ့
ပျံ့ပျံ့တည်း။ ။

[၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက် . . .]

သွန်းရတနာစိုး(မြေလတ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ရက် နံနက် ၈နာရီက လားရှိုးမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်

အစီအစဉ်အရ ရှေးဦးစွာ ဗိုလ်ချုပ်မြင့်လှိုင်က ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များသို့ ထောက်ပံ့ငွေကျပ် ၂၅သိန်းပေးအပ်ရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်စင်က လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင်ပြည်သူများက အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်စင်နှင့် တာဝန်ရှိသူများကလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နာယက ဒေါ်ခင်သန့်စင်က လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကွမ်းလုံနှင့် လောက်ကိုင်ခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့များသို့ ထောက်ပံ့ငွေများပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယကများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ခန်းမအတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြပြီးနောက် အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့လည်းကောင်း၊ ဘိုးဘွားရိပ်သာနှင့် ရေးဟောင်းရန်အောင်မြင် ဆုတောင်းပြည့်စေတီတော်ကြီး ကွက်လပ်နေရာ၌ စံကားဝါပင်များနှင့် ကံ့ကော်ပင် ၁၀၀၀ ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘတ်စကက်ဘောပြိုင်ပွဲ

ညနေ ၃နာရီတွင် တိုင်းမှူးသည် လားရှိုးမြို့ ပြည်နယ်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘက်စကက်ဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် အမျိုးသမီး ပထမ၊ ဒုတိယ၊ တစ်ဦးချင်းဆုများနှင့် အကောင်းဆုံး အားကစားသမားဆုနှင့် ဆုဖလားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီး အားကစားအဖွဲ့ နာယက ဒေါ်ခင်သန့်စင်နှင့် ဥက္ကဋ္ဌ ဒေါ်စုစုလှိုင်တို့က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားအသင်းလိုက် ပထမ၊ ဒုတိယ၊ တစ်ဦးချင်းဆု၊ အကောင်းဆုံးအားကစားသမားဆုနှင့် ဆုဖလားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး အသင်းလိုက်ပထမ တံခွန်စိုက်ဆုဖလား ရရှိခဲ့ကြသော လားရှိုးခရိုင် (အမျိုးသားအသင်း)နှင့် ကျောက်မဲခရိုင်(အမျိုးသမီးအသင်း) တို့အား တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဆင်မလိုက် ဟံသာဝတီလမ်း အမှတ်(၇၁)နေ ဦးကောက်-ဒေါ်ဝင်းကြည်မိသားစုတို့က ဒဂုံမြို့နယ် အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့(၆)ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ-နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲတက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ရက်မှ ၂၂ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပမည့်အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thambynathan Jasudasen၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇောနှင့် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာသိန်းတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပို့ဆောင်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး နှီးနှောဖလှယ်ပွဲတက်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇွန် ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည့် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ အဆင့်မြင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Masashi Ogawa နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ အဖွဲ့ဝင်အဖြစ် ကျန်းမာရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင် လိုက်ပါသွားသည်။

(သတင်းစဉ်)

အိုလံပစ်တာဝါဝင်း (၂) ကမ်းနားလမ်း အလုံမြို့နယ်နေ မိခင်ကြီး ဒေါ်အေးကြည်အားအမှူးထား၍ ကိုသန်းလှ မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ
Value yourself ---make healthy choices

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

★ **နိုင်ငံတော်မှ**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကာလတိုငါးနှစ်စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်ရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရေး၊ အသင်းကြီးက ချမှတ်ထားသော စည်းကမ်းချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် အသင်းကြီးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဆောင်ရွက်မှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အလှူငွေကျပ် ၁၀သိန်းနှင့် ဗလာစာအုပ် ဒါဇင် ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးကျော်ရင်က လက်ခံရယူသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်နှင့် ရခိုင်ပြည်နယ်ရုံးတို့က လှူဒါန်းသော ငွေကျပ် သုံးသိန်းကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးကလည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက လှူဒါန်းသော ငွေကျပ်သုံးသိန်းကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က လည်းကောင်း၊ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လှူဒါန်းသော ငွေကျပ် ကိုးသိန်းကိုလည်းကောင်း၊ တိုင်လျှန်းအထွေထွေကျောက်မျက်ကုမ္ပဏီမှ လှူဒါန်းသော ငွေကျပ်ငါးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်အသင်း အတွင်းရေးမှူးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆိပ်ကမ်းများ

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဇွန် ၂၀ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁) ဆိပ်ကမ်းတံတားရှိ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲဆိပ်ကမ်းများ၏ သင်္ဘောဝင်ထွက်မှု အခြေအနေ၊ ကုန်တင်၊ ကုန်ချ လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ စက်အင်အားသုံးစွဲမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးသန်းဦးက စစ်တွေဆိပ်ကမ်း ဝင်ငွေရရှိမှု အခြေအနေ၊ ဝန်ထမ်းအင်အား စာရင်း၊ ဝင်ငွေသုံးငွေ လျာထားချက် စာရင်းနှင့် စက်သုံးဆီ ရရှိ၊ သုံးစွဲမှုအခြေအနေတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေဆိပ်ကမ်းကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ပြည်နယ် ဌာနခွဲရုံးသို့ ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရေယာဉ်များ ပြေးဆွဲမှုအခြေအနေ၊ ဝန်ထမ်းအင်အားစာရင်း၊ ရေယာဉ်အလိုက် စက်သုံးဆီ သုံးစွဲမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် လက်ထောက် အထွေထွေမန်နေဂျာ ဦးမင်းဟန်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းတို့က ရေယာဉ်အလိုက် ကျင်းတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေ၊ စက်သုံးဆီ ရရှိမှုအခြေအနေနှင့် သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းများလျာထားချက်နှင့်အညီ အောင်မြင်အောင် ဆောင်ရွက်ကြရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ်များ လျှော့ရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စစ်တွေသင်္ဘောကျင်း၌ ကျင်းတင်ပြင်ဆင်နေသည့်အလောင်းဘုရားရေယာဉ်နှင့် တခ(၄) ရေယာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေသင်္ဘောကျင်း၌ သံကူကွန်ကရစ် ဆိပ်ခံတံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးခင်မောင်ထွေးက စီမံကိန်းလုပ်ငန်းအတွက် မြေနေရာရရှိသည့် အခြေအနေ၊ စက်ယန္တရားများ လိုအပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဧည့်ဝတီ(၁)ရေယာဉ်ပေါ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း လှူဒါန်းပူဇော်ပွဲကို (ဝါဆိုလပြည့်နေ့) ၂၀-၇-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၁၀သိန်း လှူဒါန်းစဉ်။

(ပို့ဆောင်ရေး)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး မီဒီယာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်

● **ရုပ်ရှင်လုပ်ငန်းမှ**

ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မိမိတို့အသုံးပြုနေသော စက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

အားသစ်လောင်းမည့်သင်တန်း

ဤသင်တန်းသည် မိမိတို့မြန်မာ့ရုပ်ရှင်လုပ်ငန်း တစ်ခုတည်းအတွက်သာမက မြန်မာ့ရုပ်ရှင်လောကနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက်လည်း အားသစ်လောင်းမည့် သင်တန်းတစ်ခုဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချမှုများကို ရည်ရွယ်ချက်ပေါက်မြောက်စေရန် ကြိုးကြိုးစားစား လေ့လာသင်ယူသွားကြရန် မှာကြားလိုကြောင်း။

ဝန်ကြီးဌာန၏ ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့် အချက် (၁၄)ချက်အနက်မှ မိမိလုပ်ငန်းကို တတ်မြောက်သိရှိ ကျွမ်းကျင်အောင်ဆောင်ရွက်ရန်၊ တတ်သိကျွမ်းကျင်သည့်အတိုင်း လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်ရန်၊ တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြရန် အဓိကထားမှာကြားလိုကြောင်း။

ယနေ့အခါ ကမ္ဘာတွင် ရုပ်ရှင်လုပ်ငန်းသည် နိုင်ငံ၏ ဝင်ငွေကို ရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရုပ်ရှင်လုပ်ငန်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာပေးနိုင်ရန် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

အရည်အသွေးမြင့်မားရန်လို

ထို့ကြောင့် ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့တွင် ရှိသောဝန်ထမ်းများနှင့် အလွှာအသီးသီးရှိ အဖွဲ့ဝင်များအားလုံးတို့သည် အရည်အသွေးမြင့်မားနေကြရန် လိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော်အပိုင်းကလည်း ရုပ်ရှင်လောကအတွက်လိုအပ်သော စက်မှုပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများကို ပံ့ပိုးဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်က စေတနာထား ဆောင်ရွက်ပေးနေမှုအပေါ် တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၅-၂၀၀၆ခုနှစ်အတွက် ရည်မှန်းချက်တာဝန် (၈)ရပ်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး မီဒီယာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ရေး၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရေး၊ ဌာနပိုင်စက်ကိရိယာများ အဆင့်အတန်းမြင့်မားလာရေးနှင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုရေး၊ ရုပ်ရှင်ရုံများပျက်စီးယိုယွင်းမှုမရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြပ်မတ်ထိန်းသိမ်းရေး၊ ဌာနအတွက် သတ်မှတ်ပေးထားသော ဝင်ငွေတိုးတက်ရှာဖွေရေး၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ပြည်တွင်းမှ ထုတ်လုပ်သော ဇာတ်ကားများအရည်အသွေးမြင့်မားစေပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ပြသနိုင်ရေးဆောင်ရွက်ရေး၊ ပြည်သူလူထုသို့ မီဒီယာဖြင့် ဖျော်ဖြေရေးနှင့် ဗဟုသုတပေးရန်နှင့် ခြိုးခြံချွေတာရေးတို့ပင်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်တာဝန်များကို သင်တန်းကပို့ချချက်များနှင့်ဆက်စပ်ပြီး လက်တွေ့နယ်ပယ်တွင် အောင်မြင်အောင်ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း။

ကြိုးစားသင်ယူ

နိဂုံးချုပ်အနေဖြင့် ဤသင်တန်းကို အောင်အောင်မြင်မြင်ဖြစ်စေရန်နှင့် ကျွမ်းကျင်သည့် ဝန်ထမ်းများ ပေါ်ထွက်လာစေရန် ဌာနဆိုင်ရာအကြီးအကဲများနှင့် သင်တန်းနည်းပြများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် သင်တန်းသားများကလည်း သင်တန်းကာလတစ်လျှောက် စိတ်ရောကိုယ်ပါ တက်ကြွနိုးကြားစွာ သင်ယူကြပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် သင်တန်း၌ ကူညီပို့ချပေးမည့် ရုပ်ရှင်ပညာရှင်ကြီးများ၊ ရုပ်ရှင်အစည်းအရုံးမှပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါ သုံးခွမြို့နယ်တွင် အသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်နှင့် စည်းရုံးရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံမြို့မိ မြို့ဖများအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်၊ အသင်းကြီး၏လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့ကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်းများအတွက် အလှူရှင် ၁၈ ဦးတို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၅၀ နှင့် ခဲတံ ၆၆ ဒါဇင်တို့ကို ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အဘိဓမ္မာ
ပြန့်ပွားရေးအသင်း
မဂ္ဂဇင်းထုတ်ဝေမည်

ကျော့သောင်းမြို့ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုအားပေး

❁ ရင်းပြင်မ်ရေထိန်းတံခါးမှ

စိုက်ပျိုး

ပုလုံးတုံးတုံးတံတား

ဖူးမြော်ကြည်ညို

ပဲခူးတိုင်းအတွင်း စီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမှာစကားပြောကြား

တွေ့ဆုံ

သရုပ်ပြ

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကိုနေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(အင်္ကျီလက်ရှည်၊ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၅ (အင်္ဂါနေ့)

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဓေယျသိန်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ ဟောကြားတော်မူသော "မဟာသမယအခါတော်နေ့ သိကောင်းဖွယ်ရာအဖြာဖြာတရားတော်နှင့် မဟာသမယသုတ်ပါဠိတော်"**
၈း၁၀ ၅။ **"အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ်မြတ်ဓမ္မတရားဂုဏ်တော်" (ကြူန္တာဆွေ ရေးဖွဲ့ပူဇော်၍ ကိုကျော်ဆွေ၊ ကေတုဝင်းထွန်း၊ ရာဇာဝင်းတင့်၊ နှင်းရည်သန့်နှင့် ဖြူသီ သီဆိုပူဇော်သည်။)**
၈း၂၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၃၀ ၇။ International News.
၈း၄၅ ၈။ Let's Go.
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ ဓမ္မပူဇာတေးအစီအစဉ်
၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၅း၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၁၀၄) (ဇာတ်သိမ်းပိုင်း)**
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ မြန်မာအမျိုးသမီးများနေ့
၇း၂၀ ၁၃။ Summit ဆိုမှ Summit
၇း၃၅ ၁၄။ **သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂၈)**
၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တီဘီရောဂါပိုးတွေ့ရှိသူများကို နိုင်ငံတော်က အခမဲ့ဆေးကုသပေးနေ ပြည်သူများအားကိုးသည့်ပြည်သူ့ဆေးရုံဖြစ်အောင်ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့လိုက်ပါလျက် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံ ပြုပြင်ထိန်းသိမ်းမှု လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက ဆေးရုံအဆောက်အအုံ ခိုင်မာတောင့်တင်းရေးအတွက် မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၏အင်အားဖြင့် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးဝန်ကြီးက ဆေးရုံဝင်းအတွင်း သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ဆောင်ရွက်ထားရှိရန်မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကွမ်းခြံကုန်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးကာ ခွဲစိတ်ခန်းပြင်ဆင်ထားရှိမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံခန်းမတွင် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၏ညွှန်ကြားမှုဖြင့် ပြည်နယ်/တိုင်း၊ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ အဆင့်ဆင့်သော ကျန်းမာရေးကော်မတီများ၏ ပြည်သူလူထုအတွက် ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစပ်ညှိနှိုင်းပူးပေါင်းမှုအင်အားဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ မိခင်နှင့် ကလေးကျောင်း ကျန်းမာရေးဌာန၊ တီဘီရောဂါ တိုက်ဖျက်ရေးခတ်ခွဲခန်း၊ ခတ်မှန်ခန်းများကို လှည့်လည်စစ်ဆေးပြီး ဝန်ကြီးက တီဘီရောဂါပိုး တွေ့ရှိသူများကို နိုင်ငံတော်က အခမဲ့ဆေးကုသပေးလျက်ရှိကြောင်းကို ပြည်သူလူထုများများသိအောင် စည်းရုံးဆောင်ရွက်သွားရန်ပြောကြားပြီး လိုအပ်သောစက်ကိရိယာပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဒေးဒရဲ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးရာ ဧရာဝတီတိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသန်းအောင်၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းတို့က လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သံဃာ့ဆေးရုံနှင့် ဓာတ်မှန်ခန်း ဓာတ်မှန်စက်အသုံးပြုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များသို့ သွားရောက်စစ်ဆေးရာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြမြအေးတို့က လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကူညီပံ့ပိုး

ထို့နောက် ဝန်ကြီးသည် ဆေးရုံရှိ လူထုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းခန်းမ၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံ၍ မိမိတို့မြို့ရွာဒေသရှိ ကျန်းမာရေးကော်မတီ အဆင့်ဆင့်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက ဆေးရုံသန့်ရှင်းသာယာလှပရေးအတွက် အစဉ်အမြဲ ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဖျာပုံ

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၀ ရက် နံနက်၇နာရီခွဲတွင် ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံရှိ သားဖွားနှင့်မီးယပ်ဆောင်၊ စရိတ်မျှပေးဆေးကုသခန်း၊ လူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးရုံရေပေးမှု ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆေးရုံအဆောက်များ ပြုပြင်ထိန်းသိမ်းရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာနေထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအားကိုးသည့် ပြည်သူ့ဆေးရုံအဖြစ် လူနာများအားကိုးယုံကြည်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကျိုက်လတ်

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်လတ်မြို့နယ်သို့ ရောက်ရှိပြီး ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်လေးလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မအူပင်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဝေနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်ဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံ၍ လိုအပ်ချက်၊ တင်ပြချက်များအပေါ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ တောင်သူလယ်သမားဆေးရုံသို့ရောက်ရှိပြီး လူနာကုသဆောင်များ၊ ဆေးရုံပိုင် ငါးမွေးကန်လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာလှကြိုင်က လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက ဆေးရုံဝန်ထမ်းများအတွက် အပိုဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဆေးရုံမျက်နှာစာ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် အစဉ်အမြဲဆောင်ရွက်ထားရှိရန်မှာကြားသည်။

ထန်းတပင်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း စိုက်ခင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးထွန်းအောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။ ဝန်ကြီးက ဝန်ထမ်းများအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိရေးအတွက် အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ (သတင်းစဉ်)

ဓနုဖြူမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၀

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၁၇ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် အမှတ်(၁၂၁) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အသင်းရုံးခန်းမ၌ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသည့် မြို့နယ်သူ မြို့နယ်သားများသည် အသင်းဒုတိယဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း–၂၅၂၇၉၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(ကျန်းမာရေး)

ရခိုင်ကမ်းရိုးတန်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်

ရန်ကုန် ဇွန် ၂၀

ကယားပြည်နယ်၊ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အသင့်ဖြစ်ထွန်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။

မိုးထစ်ချုန်းရွာမည်

ဇွန် ၂၁ရက်နေ့ညနေထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လှိုင်းကြီးနိုင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှမိုင်၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်။

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

လေးမျက်နှာမြို့နယ်အသင်း၏ ဩဝါဒါစရိယဆရာတော် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယင်းကျောင်း၌ ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးဘထွေး ဖုန်း–၆၉၉၀၀၃၊ ဒုဥက္ကဋ္ဌ ဦးစိုးမောင် ဖုန်း–၂၂၆၂၆၈၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း–၅၁၃၄၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး ဖုန်း–၅၂၆၀၀၆၊ အမှုဆောင် ဦးဘိုစိန် ဖုန်း–၅၂၇၆၉၇၊ ဦးဌေးကြူ ဖုန်း–၆၈၀၇၃၉၊ ဦးအောင်သူ ဖုန်း–၆၈၁၄၂၄၊ ဦးဌေးဝင်း ဖုန်း–၆၆၇၈၃၄၊ ဦးမြင့်စိုး ဖုန်း–၅၇၈၀၂၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၅၇)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇွန် ၂၈မှ ၂၉ရက်နေ့ထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) စုဝေးခန်းမ၌ နေ့စဉ် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးသို့ တက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်း ကြက်ခြေနီတပ်ဖွဲ့မှူးများထံ ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ထူးချွန်အောင်မြင်မှုရရှိသည့် ဝန်ကြီးဌာနဘောလုံးအသင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် ဝန်ကြီးဌာနအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်၊ ဦးဖေသန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာန ဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အောင်မြင်မှုဆက်လက်ရရှိရေးကြိုးစားကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးအား မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၀၃-၂၀၀၄ခု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပထမတန်း ကွင်းပိတ်ပြိုင်ပွဲဒိုင်းဆု၊ ၂၀၀၄-၂၀၀၅ခု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပထမတန်းကွင်းဖွင့်ပွဲတွင် ရရှိသောဖလားနှင့် ၂၀၀၄-၂၀၀၅ခု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပထမတန်း အမှတ်ပေးချန်ပီယံပြိုင်ပွဲတွင် ရရှိသော ဆုဖလားများကိုပေးအပ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၀၃-၂၀၀၄ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပထမတန်း ကွင်းပိတ်ပြိုင်ပွဲဆုကို ပေးအပ်စဉ်။
(ရထား)

ဆက်လက်၍ ဂုဏ်ပြုဆုများချီးမြှင့်ရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ထူးချွန်အားကစားသမားများ ကိုယ်စား အားကစားသမားတစ်ဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဘောလုံးအသင်း နည်းပြများကိုယ်စား နည်းပြတစ်ဦးအား လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဝန်ကြီးဌာန ဘောလုံးအသင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးဌာန ဘောလုံးအသင်း အောင်နိုင်ရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြင့်ဝေက ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဘောလုံးအသင်း အောင်မြင်မှုနှင့် ဆက်လက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအားကစားကော်မတီဥက္ကဋ္ဌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အားကစားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

ပထမတန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ တပ်မတော်(ကြည်း)(ခ)အသင်း ကွာတားဖိုင်နယ်တက်

ရန်ကုန် ဇွန် ၂၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် တပ်မတော်(ကြည်း)(ခ) အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(ကြည်း)(ခ)အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။

ဇွန် ၂၁ရက် ညနေ ၃နာရီခွဲတွင် သတ္တုတွင်းအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့သည် ယင်းဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာဆွေးနွေး

ရန်ကုန် ဇွန် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဇွန် ၁၅ရက်တွင် ကော့သောင်းမြို့နယ်ရှိ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ လေ့ကျင့်ရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘန်းကချွန်ကျေးရွာ၊ မလိဝမ်းကျေးရွာတို့သို့ သွားရောက်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တပ်ဖွဲ့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဇွန်၁၈ရက် နံနက်ပိုင်းတွင် ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်မီးဘေးတားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး၊ ဒုတိယတပ်ရင်းမှူး၊ အရန်မီးသတ်တပ်ခွဲမှူးများနှင့် တွေ့ဆုံ၍ မြို့မီးဘေးလုံခြုံရေးစီမံချက်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ဆီအုန်းခြံများ မီးဘေးကာကွယ်ရေးအတွက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးဆိုင်ရာများကို ဆွေးနွေးကာ လိုအပ်ချက်များ ပံ့ပိုးပေးခဲ့သည်။ (သတင်းစဉ်)

ရွှေတောင်မြို့၌ စာပေဟောပြော

ရန်ကုန် ဇွန် ၂၀

ပြည်ခရိုင် ရွှေတောင်မြို့ အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စာပေဟောပြောပွဲကို ဇွန်၁၂ရက် နံနက်ပိုင်းတွင် အဆိုပါ စက်ရုံနယ်မြေ ဝန်ထမ်းရပ်ကွက်ရှိ ဝိဇယမင်္ဂလာ ခမ်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲ အခမ်းအနားသို့ ရွှေတောင်မြို့ အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးများ၊ လက်ထောက်စက်ရုံမှူးများနှင့် ဝန်ထမ်းမိသားစုများ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရွှေတောင်မြို့ရှိ လယ်တီပိဋကတ် စာကြည့်တိုက် ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာချစ်နိုင် (စိတ်ပညာ)က "စကားလက်ဆောင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ထီလာစိုးမြင့်ထယ်က "စာပေမှ သင်ခန်းစာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ တင်အောင်ရွှေ(သုတေသီ)က "ကြော်ငြာတစ်ခုဖန်တီးခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

စာပေဟောပြောပွဲ အခမ်းအနားအပြီးတွင် ရွှေတောင်အဆင့်မြင့်ချည်မျှင်နှင့် အချောကိုင်စက်ရုံ စာပေယဉ်ကျေးမှုအဖွဲ့ကိုယ်စား နာယက စက်ရုံမှူး ဦးဇော်ဝင်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး စာပေပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(သတင်းစဉ်)

ဗီဟာကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ ဘရာဇီးကို မက္ကဆီကိုက တစ်ဂိုးတည်းဖြင့်နိုင်

ဟန်နိုဗာ (ဂျာမနီ) ဇွန် ၁၉

ဂျာမနီနိုင်ငံတွင် ယနေ့ဆက်လက်ကျင်းပလျက်ရှိသော ဗီဖာကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် မက္ကဆီကိုအသင်းနှင့် ဘရာဇီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် မက္ကဆီကိုအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

မက္ကဆီကိုအသင်း အနိုင်ရလိုက်သည့်အတွက် ခြောက်မှတ်ရရှိကာ ထိပ်ဆုံးက ပြေးနေသည်။ အုပ်စု(ဘီ)တွင် ဘရာဇီးနှင့် ဂျပန်တို့မှာ သုံးမှတ်စီဖြင့် အမှတ်တူနေသော်လည်း ဘရာဇီးက ဂိုးအရေအတွက်အသာဖြင့် အခြေအနေကောင်းနေသည်။ ဘရာဇီးနှင့် ဂျပန်တို့သည် ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် တစ်ပွဲကစားရဦးမည်ဖြစ်သည်။ ထိုပွဲတွင် ဘရာဇီးအနိုင်ရလျှင် နောက်ဆုံးလေးသင်းစာရင်းတွင် ပါဝင်သွားစရာရှိသည်။ ဂရိအသင်းမှာမူ အဆင့်အနိမ့်ဆုံးတွင် ရောက်ရှိနေသည့်အလျောက် ထွက်ရပြီဖြစ်သည်။

မက္ကဆီကိုအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ရှေ့တန်းတိုက်စစ်မှူး ဘိုဂတ်က ဒုတိယပိုင်း ၅၉မိနစ်တွင် ခေါင်းတိုက်၍ သွင်းယူလိုက်ခြင်းဖြစ်သည်။ ဘိုဂတ်သည် ပထမပိုင်းကစားစဉ်က ပိုင်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ ထိုပိုင်နယ်တီကန်ခွင့်ရစဉ် ကွင်းလယ်ဒိုင်က ကန်ပုံမမှန်ဟုဆိုကာ သုံးကြိမ်တိတိ ပြန်၍ကန်ခိုင်းခဲ့သည်။ တတိယအကြိမ် ဘိုဂတ်က ဘောလုံးကိုကန်သွင်းသောအခါ ဘရာဇီးဂိုးသမား ဒီဒါက ဒိုက်ဗင်ထိုးပြီး ကာကွယ်နိုင်ခဲ့သည်။

ယနေ့ပွဲသည် လက်တင်အမေရိကဒေသအသင်းနှစ်သင်း ယှဉ်ပြိုင်ရသောပွဲပင် ဖြစ်သည်။ ပွဲအစပိုင်းတွင် ဘရာဇီးလူငယ်ကစားသမား ရိဘင်ဟိုက ကွင်းလယ်ပိုင်းမှ မက္ကဆီကိုဂိုးဆီသို့ ကန်သွင်းခဲ့ရာ နောက်တန်းလူများက ကန်ထုတ်လိုက်သဖြင့် သူ၏ကြိုးပမ်းမှု အလဟဿဖြစ်ခဲ့ရသည်။

ပွဲကစားချိန် ၁၅မိနစ် ကျော်လာသောအခါ ဘရာဇီးအသင်း ဘောလုံးပိုင်ဆိုင်မှုများလာသည်။ ဘရာဇီးမှ အက်ဒရီယာနိုက ညာအစွန်မှ ထိုးဖောက်

မက္ကဆီကိုနှင့် ဘရာဇီးဘောလုံးသမားများ ဘောလုံးကို ယှဉ်လုနေကြစဉ်။
(အင်တာနက်)

သွားပြီး ဂိုးတွင်းသို့ကန်သွင်းခဲ့သော်လည်း မက္ကဆီကိုဂိုးသမား အော့စ်ဝဲလ်ဒိုဆန်ချေ့က ကာကွယ်နိုင်ခဲ့သည်။ ထိုနောက်ပိုင်း ကစားချိန် ၂၉မိနစ်တွင် မက္ကဆီကိုက ပိုင်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဂိုးမရခဲ့ပေ။

ဒုတိယပိုင်းပြန်စချိန်တွင် နှစ်ဖက်စလုံးသည် အနိုင်ဂိုးရရှိရေးအတွက် အပြင်းအထန် ကြိုးစားခဲ့ကြသည်။ မက္ကဆီကိုမှ အက်ဇ်တက်မှာ ဘောလုံးပိုင်ဆိုင်ခွင့်နှင့် ကန်ခွင့်အများအပြား ရခဲ့သော်လည်း ဘရာဇီးဂိုးသမားကို ကောင်းကောင်းဒုက္ခပေးနိုင်ခဲ့ခြင်း မရှိပေ။ တစ်ကြိမ်တွင် ဘရာဇီးဂိုးပေါက်ဆီသို့ ဘောလုံးရောက်သွားသော်လည်း လူစီယိုက ဘေးသို့ကန်ထုတ်လိုက်သည့်အတွက် သက်သာရာရခဲ့သည်။ သို့သော်ထိုဘောလုံးကြောင့် ပေးလိုက်ရသောထောင့်ကန်ဘောလုံးကို ဂျာရဒ်ဘောဂတ်က ခေါင်းတိုက်၍ သွင်းလိုက်နိုင်သဖြင့် မက္ကဆီကိုသည် တစ်လုံးတည်းသောဂိုးဖြင့် ဘရာဇီးကို အနိုင်ယူသွားသည်။

အင်တာနက်။

The Commerce Journal အတွဲ(၅)၊ အမှတ်(၉) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

The Commerce Journal အတွဲ(၅)၊ အမှတ်(၉)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ မောင်တိုင်ပင်၊ ရွှေပင်ရင်း၊ ဟံသာထွန်း၊ ကြည့်ရှုန်း၊ မောင်ကြည်ညို(ဝါဏိဇ္ဇ)၊ မောင်ပုဆိုးကြမ်း၊ နေဇော်တို့၏ သုတ၊ ရသစုံ ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈)၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မှ တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (က-ပ)

လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များလိုက်နာရန် သတိပေးနှိုးဆော်ချက်

- လမ်းမကြီးများပေါ်တွင် အချို့ယာဉ်များသည် အမြန်မောင်းနှင်ရန်နှင့်ကျော်တက်ရန် သတ်မှတ်ထားသော လက်ဝဲအစွန်ယာဉ်ကြောပေါ်တွင် စည်းကမ်းမလိုက်နာဘဲ အရှိန်ဖြည်းဖြည်းဖြင့် လမ်းပိတ်ဆို့မောင်းနှင်နေကြောင်း တွေ့ရှိနေရပါသည်။
- သို့ပါ၍ လမ်းမကြီးများပေါ်တွင် ဖြည်းဖြည်းမောင်းလိုပါက လမ်း၏ညာဘက်အစွန်ဆုံးယာဉ်ကြောတွင် မောင်းနှင်ရန်နှင့် မှန်မှန်မောင်းလိုသောယာဉ်များ လမ်း၏ ဒုတိယယာဉ်ကြောမှ မောင်းနှင်သွားရန်ဖြစ်ပါသည်။ လမ်း၏လက်ဝဲအစွန်ယာဉ်ကြောမှာ ရှေ့ယာဉ်အား ကျော်တက်လိုသောအခါ အရှိန်မြှင့်မောင်းနှင်ပြီး ကျော်လိုသောကားနှင့် လွတ်ကင်းချိန်တွင်ဒုတိယယာဉ်ကြောအတွင်းသို့ ပြန်လည်ဝင်ရောက်မောင်းနှင်သွားခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်များအလွယ်တကူ သွားလာနိုင်မည်ဖြစ်ပါသဖြင့် လမ်းမကြီးစည်းကမ်းများအား တိကျစွာ လိုက်နာသွားရန်လိုအပ်ပါသည်။
- လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရန်ကုန်တိုင်း စိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေး အထူးဇုန် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ အထူးဇုန်များအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်၌ ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်၊ ဇုန်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ အထူးဇုန်(၁)တာဝန်ခံ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂)တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃) တာဝန်ခံ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့က အထူးဇုန်များအတွင်း မြေပြုပြင်ပြီးစီးမှု၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှု၊ အသားစားကြက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှု၊ ကြက်သားနှင့် ကြက်ဥထုတ်လုပ်နိုင်မှုနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွယ်မြောင်းများ ဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ မြောင်းကူးတံတားများ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ကလီထော် ရေလှောင်တမံမှ အထူးဇုန်ကြီးသို့ ရေပေးဝေလျက်ရှိသည့် ပင်မတူးမြောင်းမကြီး၏ မြောင်းပေါင်လမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် ဂဝံလမ်းခင်းကျင်းရန် စီမံဆောင်ရွက်မည့်အခြေအနေနှင့် ဇုန်များအတွင်း ရေစီးရေလာကောင်းမွန်စေရန် ရေလမ်းလွှဲခြင်း၊ ရေလမ်းပိတ်ဆို့နိုင်သည့်နေရာများ ရှင်းလင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်များအတွင်းရှိ လမ်းများ ရာသီမရွေး သွားလာနိုင်စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လမ်းသစ်များ ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများတိုးချဲ့နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိထိရောက်ရောက်အသုံးချ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ဇုန်များအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေး၊ တယ်လီဖုန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး၊ လမ်းများ ရာသီမရွေးသွားလာနိုင်ရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များကလည်း မိမိတို့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် တိုးချဲ့ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုကြောင့် စိုက်ခင်းများအတွင်း မြက်ရိုင်းများ ထူထပ်စွာ ပေါက်ရောက်နေပြီဖြစ်၍ စနစ်တကျ ခုတ်ထွင်ရှင်းလင်းပြီး မြက်အမှိုက်များဖြင့် အီးအမ်ဘိုကာရှီ မြေဆွေးပြုလုပ်ကာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ထိထိရောက်ရောက် အသုံးချကြစေလိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ဇုန်(၂) မျှော်စင်မှ ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုကြသည်။

အောင်မြင်ဖြစ်ထွန်း

ထို့မှတစ်ဆင့် အထူးဇုန်(၁)အတွင်းရှိ Myanmar Standard Co, Ltd. ကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၁၂၀၀၀ ကျော် မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေနှင့် ကြက်ဥများကိုလည်းကောင်း၊ အထူးဇုန်(၂)၊ အကွက်အမှတ်(၂၂၆-၂၂၇)ရှိ ဦးအောင်သန်းထွန်း၏ စိုက်ခင်းအတွင်း တိုင်ထောင်ပဲနှင့် ကန်စွန်းဥ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အကွက်အမှတ် (၅၄၂-၅၄၁-၅၄၃)ရှိ ဦးစိုင်းတင့်အောင်၏ စိုက်ခင်းအတွင်း ခဝဲပင်၊ တိုင်ထောင်ပဲနှင့် ကြက်ဟင်းခါးပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပိုမိုတိုးချဲ့

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

မွေးမြူထား

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီး၌ ဝန်ကြီးဌာနများ၊ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ မုန်လာဥ၊ မုန်ညင်း၊ ကညွှတ်၊ ဖူးစားပြောင်း၊ ဗူး၊ သခွား စသည့် သတ်မှတ်ထားသော ဟင်းသီးဟင်းရွက် ၂၈ မျိုး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယနေ့အထိ ဧက ၅၆၈၀ စိုက်ပျိုးထားရှိပြီး အသားစားကြက်နှင့် ဥစားကြက်ကောင်ရေ ၁၃ သိန်းကျော် မွေးမြူနိုင်ခဲ့ပြီးဖြစ်သည်။ ယနေ့အထိ အသားစားကြက် ၁၀သိန်းကျော် ထုတ်လုပ်ရောင်းချပြီးလည်း ဖြစ်သည်။ ငါးမွေးမြူရေးလုပ်ငန်းများအနေဖြင့် ငါးကန်ဧက ၅၁၅ ဧက တူးဖော်ထားရှိပြီး ငါးကောင်ရေ ၁၃ သိန်းကျော် မွေးမြူထားသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် (၂၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဆုချီးမြှင့်ပွဲကို ဇွန် ၁၈ရက်က မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောသရ (အဂ္ဂမဟာပဏ္ဍိတ)က ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၃)

သမဝါယမထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက် ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်အောင် ကြိုးစားလုပ်ဆောင်

ရန်ကုန် ဇွန် ၂၀

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် သမဝါယမဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ မွန်ပြည်နယ် သမဝါယမ ဦးစီးမှူး၊ မြို့နယ်သမဝါယမ ဦးစီးမှူးများနှင့် မြို့နယ်သမဝါယမ အထွေထွေ စီးပွားရေးလုပ်ငန်းအသင်းစုချုပ် ဥက္ကဋ္ဌတို့က ပြည်နယ်နှင့် မြို့နယ်များအတွင်း သမဝါယမလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက သမဝါယမ ဦးစီးမှူးများအနေဖြင့် သမဝါယမ အသင်းများ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်၊ စက်မှုလက်မှုထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စည်းရုံးဦးဆောင် ကြိုးစားဆောင်ရွက်ကြရန်၊ ယင်းထွက်ကုန်များကို ပြည်တွင်း ဈေးကွက်တွင်မက ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်အောင် ကြိုးစားလုပ်ဆောင်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မွန်ပြည်နယ် သမဝါယမ သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ် ဒေါ်မြင့်မြင့်သန်းက ကျောင်း၏ သင်ကြားပို့ချမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဌာနတွင်း သင်တန်းများ အပြင် ပြင်ပသင်တန်းများ ပို့ချရာတွင် သင်တန်းသားများ၏ လုပ်ငန်းနှင့် အသုံးကျမှု၊ အကျိုးသက်ရောက်မှု အတိုင်းအတာကို အမြဲမပြတ်လေ့လာ၍ သင်ကြားပို့ချမှုကို အဆင့်မြှင့်တင်ရန်၊ ပြင်ပ စီးပွားရေးလုပ်ငန်းများတွင် တိုက်ရိုက်အကျိုးရှိစေမည့် ပညာရပ်များကို ထည့်သွင်းသင်ကြားပေးရန် မှာကြားပြီး ကျောင်းအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တိုးတက်ထုတ်လုပ်

ယင်းနောက် မော်လမြိုင်စက်မှုဇုန်ရှိ စံမင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမ အသင်းသို့ရောက်ရှိရာ အသင်းဥက္ကဋ္ဌ ဦးညွန့်ဝေက သံပျော့ကို အမာတင်မှု လုပ်ငန်း၊ အရည်အသွေးမီ လွန်သွား၊ ရွှေပေါ်နှင့် ရွှေပေါ်သွား ထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ထုပ်ပိုးမှုစနစ် ပြုပြင်ရန်၊ အရေအတွက် တိုးတက်ထုတ်လုပ်ရန်တို့ကို မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၈:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် MEMORY(II)** (ပထမနှစ်၊ စိတ်ပညာ)
၅:၂၅	၉။ ပညာခေတ်
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ၂၄-နာရီ (အပိုင်း-၁၃)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကန္တာတောခြေ အပိုင်း (၁)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း ရွှေဘိုမြို့ ဓမ္မအသံစာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျင်းပသည့် ဓမ္မအသံစာကြည့်တိုက်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်က ဓမ္မအသံစာကြည့်တိုက် ပေါ်ပေါက်လာပုံကို ရှင်းလင်းတင်ပြပြီး ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ ရွှေဘိုမြို့မှ မြို့မိမြို့ဖ ဦးတိုက်ကြီးမောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဓမ္မအသံစာကြည့်တိုက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဇနီးတို့က ဓမ္မအသံ စာကြည့်တိုက်အတွက် ကွန်ပျူတာတစ်စုံကို လည်းကောင်း၊ အလှူရှင်များမှ ကွန်ပျူတာတစ်စုံ၊ အဲယားကွန်း၊ မီးစက်၊ ရေခဲသေတ္တာ၊ လေဆာပရင်တာ၊ ရေပေးစက်၊ အမြင့်တင်ရေစင်နှင့် ပရိဘောဂပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရွတ်ပွားချီးမြှင့်

ထို့နောက် ဓမ္မအသံစာကြည့်တိုက်သစ်ရေစက်ချအလှူမင်္ဂလာအခမ်းအနားကို အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အစီအစဉ်အရ တိုင်းမှူးနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာရ်နွံထံမှ ငါးပါးသီလခံယူတည်ဆောက်ကြ၍ ဆရာတော်သံဃာတော် များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်တိုင်းမှူးနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလက ဩဝါဒကထာ မိန့်ကြားတော်မူပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

ဖျာပုံ ဇွန် ၂၀

ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်စရိတ်နှင့်ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့သော ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၁၈၄၀၀၀နှင့် ကျောင်းဝတ်စုံ ၃၄ စုံတို့ကို ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်မြမြနှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထောက်ပံ့သောပညာသင်စရိတ် ကျပ် ၁၃၃၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေထွန်းဦးက လည်းကောင်း၊ ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်း ရေးကော်မတီဥက္ကဋ္ဌ ဒေါ်မေစမ်းက တန်ဖိုးငွေကျပ် ၈၄၅၀ ရှိ ကျောင်းသုံး ဗလာစာအုပ်များကိုကျောင်းသူ၊ ကျောင်းသားများသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။ (ခရိုင်ပြန်/ဆက်)

မြို့နယ်သတင်းများ

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၅ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၉၀၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရေစက်ချ မင်္ဂလာကျင်းပမည်

သန်လျင် ဇွန် ၂၀

သန်လျင်မြို့နယ် ကျိုက်ဒေးယျုံ မဏ္ဍလာရာမ ပရိယတ္တိစာသင်တိုက်တွင် ဆောက်လုပ်ပြီးဖြစ်သော စာတိုက်ကုန်း ပရိယတ္တိ-ပဋိပတ္တိ သုံးထပ် ကျောင်းဆောင်သစ်ကြီးကို ဇူလိုင် ၉ ရက်တွင် ရေစက်ချမင်္ဂလာနှင့် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို တစ်ပေါင်းတည်းကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက် ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။

(က-ပ)

အချိုမှုန့်
Monosodium Glutamate (MSG)
စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

* **ပန်းနာရင်ကျပ်ရောဂါ**
* **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
* **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
* **သွေးတိုးရောဂါ**
* **နှလုံးရောဂါ**
* **နှလုံးခုန်စေခြင်း**
* **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
* **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ ရှင်းလင်း

သနပ်ပင် ဇွန် ၂၀

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကျောင်းကျန်းမာရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေး၊ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ရက်က သနပ်ပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရာ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိန်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာဇော်ဝမ်းက သင်တန်း အစီအစဉ်များနှင့် ကျောင်းကျန်းမာ ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး ဆရာဝန် ဒေါက်တာတင်တင်ယုနှင့် ကျန်းမာရေးဝန်ထမ်းများက သင်တန်းပို့ချကြသည်။

(၁၄၅)

အမှတ်(၁၂၁) အင်းစိန်လမ်း ကမာရွတ်မြို့နယ်နေ ဒေါ်နုနုတင်က (၈၄)နှစ်မြောက်မွေးနေ့အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။

(က-ပ)

ချင်းပြည်နယ် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားမှုကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း မေ ၂၈ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းနှင့် ကတိုက်ရေလှောင်တမံစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် စစ်ဆေး

ရန်ကုန် ဇွန် ၂၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တပ်နယ်မှဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးတည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ရင်းငြိမ်ရေထိန်းတံခါးတည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေး၍ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံစီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ကတိုက်ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❋

၂၀၀၅ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အေရိုးဗစ်လေ့ကျင့်ခန်း သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အေရိုးဗစ်လေ့ကျင့်ခန်း သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ အေရိုးဗစ် လေ့ကျင့်ခန်း သရုပ်ပြမည့် ကျောင်းသူကလေးများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✻

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပသော ၂၀၀၅ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အေရိုးဗစ်သရုပ်ပြပွဲကို ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

မြန်မာအမျိုးသမီးအသင်း ခြေစစ်ပွဲအောင် ဥဇဘက်ကစ္စတန်အသင်းကို အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားပြီ

ရန်ကုန် ဇွန် ၂၀

၂၀၀၅ ခုနှစ် အာရှအမျိုးသမီး ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ၏ ဒုတိယအဆင့် ပွဲစဉ်ပြိုင်ပွဲ (AFC Women's Championship 2005, Qualifying Round)**ကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဆက်လက်ကျင်းပသည်။**

ခြေစစ်ပွဲအောင်မြင်

ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ဥဇဘက်ကစ္စတန် အမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးဗိုလ်လုပွဲအဆင့်ပြိုင်ပွဲသို့ တက်သွားသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ဇင်မာဝမ်းနှင့် မာလာဝင်းတို့က တစ်ဂိုးစီ သွင်းကြသည်။

၂၀၀၆ခုနှစ် မေလတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲအဆင့်ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသွားသည်။ (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၂၀-၆-၂၀၀၅)

ရန်ကုန်မြို့လယ်

၀ ဒသမ ၅၁ လက်မ

ဆောင်းပါး အညွှန်း

နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မျှရှိသည့် မြန်မာအမျိုးသမီးထုအင်အားကို အခြေခံလျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးတို့သည် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက် ရှိနေပေသည်။

ကြည်ကြည်ချစ်(စံကားဝါမြေ)၏ **"စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ"** ဆောင်းပါး

(စာမျက်နှာ-၆)

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့